မြန်မာသတင်းလွှာ

မြန်မာနိုင်ငံမှတလအတွင်းဖြစ်ရပ်များအားသုံးသပ်မှု

ALTERNATIVE ASEAN NETWORK ON BURMA
campaigns, advocacy & capacity-building for human rights & democracy

အမှတ်စဉ် ၈၅ 	၂၀၁၄ ခု၊ ဇန်နဝါရီလ

- ရခိုင်ပြည်နယ်မောင်တောမြို့နယ်တွင် အကြမ်းဖက်မှုများဖြစ်ပွားခဲ့ကာ ရိုဟင်ဂျာ ၄၈ ဦးသေဆုံးခဲ့သည်ဟု UN ကပြောကြားလိုက်သည်။
- ၂၀၁၄-၁၅ တွင်အဆိုပြုမည့်ဘဏ္ဍာရေး၌ စစ်အသုံးစရိတ်ပိုလာရန်ရှိသည်။
- အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား တရားဝင်ဆွေးနွေးပွဲများအား ဖေဖော်ဝါရီလအထိရွှေ့ဆိုင်းလိုက်သည်။
- ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်ကရင်ပြည်နယ်တို့တွင် အစိုးရတပ်များက တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအပေါ် ရန်လိုတိုက်ခိုက်မှုများဆက်လက်ပြုလုပ်နေသည်။
- သမ္မတဦးသိန်းစိန်က ၂၀၁၃ ခုနှစ် နှစ်ကုန်တွင် နိုင်ငံရေးအကျဉ်းသားအားလုံးအားလွှတ်ပေးမည်ဟု ကတိပေးခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသား ၄၀ ကျော်ခန့်အကျဉ်းထောင်များတွင်ရှိနေဆဲဖြစ်ပါသည်။
- အစိုးရက ဒေသခံ NLD ခေါင်းဆောင်တဦး၊ဗုဒ္ဓဘာသာဘုန်းတော်ကြီးတပါးနှင့်မြေယာအခွင့်အရေးလှုပ်ရှားသူ ၂ ဦးတို့အားငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေအရ တရားစွဲဆိုခဲ့သည်။
- အစိုးရတပ်များက အဓမ္မပြုကျင့်ခြင်းအား စစ်လက်နက်သဖွယ်အသုံးပြုနေခြင်းကို အသေးစိတ်ဖော်ပြထားသည့် အစီရင်ခံစာတစောင်အား မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်မှ ထုတ်ပြန်ခဲ့သည်။
- ၂၀၁၄ ခုနှစ်အာဆီယံအစည်းအဝေးများအတွင်း ရိုဟင်ဂျာကိစ္စနှင့်ပတ်သက်၍ဆွေးနွေးမှုကို ပိတ်ပင်တားဆီးခြင်းအားဖြင့် အစိုးရသည် ၎င်းတို့၏ အာဆီယံဥက္ကဋ္ဌအာဏာကို အလွဲသုံးစားပြုလုပ်ခဲ့သည်။

ဤသတင်းလွှာတွင်

ပင်မသတင်း
၁ ရခိုင်ပြည်နယ်တွင်အကြမ်းဖက်မှုများဖြစ်ပွား
၃ နိုင်ငံတကာအသိုင်းအဝိုင်းက အကြမ်းဖက်သောအပြုအမူများကိုရှုတ်ချ
၃ ဘုန်းတော်ကြီးများသည်မွတ်စလင်ဆန့်ကျင်ရေးဥပဒေများအတွက်ထောက်ခံမှုများစုဆောင်း နေ
မြန်မာနိုင်ငံပြည်တွင်းသတင်း
၄ နဝမအကြိမ်မြောက် လွှတ်တော်အစည်းအဝေးပြုလုပ်
၅ နာမည်ပျက်စာရင်းမှပယ်ဖျက်ပေးရန်မြန်မာနိုင်ငံမှကြိုးပန်း
၅ အခြေခံဥပဒေအတွက် တင်ပြလာသော အစစ်အမှန်ပြောင်းလဲမှုများမရှိသေး
၅ ၂၀၁၄-၁၅ အတွက်အဆိုပြုသောဘတ်ဂျက်
၆ ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့်ပတ်သက်၍ဆွေးနွေးရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတွေ့ဆုံ
၆ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တွင်တိုက်ပွဲများဆက်လက်ဖြစ်ပွား
၇ ဒေါ်စုမှတိုင်းရင်းသားပြည်နယ်သုံးခုသို့သွားရောက်လည်ပတ်
လူ့အခွင့်အရေး
၈ နိုင်ငံရေးအကျဉ်းသားများ အကျဉ်းထောင်ထဲတွင်ရှိနေဆဲ
၉ ပုဒ်မ ၁၈ ဖြင့်တရားစွဲဆိုမှုအသစ်များ
၉ မုဒိမ်းမှု ၁၀၀ နှင့်ပတ်သက်၍ WLB ၏အထောက်အထားများ
၁၀ ကလေးစစ်သားများအားလွှတ်ပေး၊ တဦးမှာတပ်ပြေးမှုနှင့်ထောင်ချခံရ
အိုးအိမ်မှဖယ်ရှားခံရမှုများ
၁၀ ရိုဟင်ဂျာများအား မြန်မာနိုင်ငံသို့အတင်းအကြပ်ပြန်လည်မောင်းထုတ်
နိုင်ငံတကာ
၁၀ ပုဂံမှအာဆီယံအစည်းအဝေး
စီးပွားရေး
၁၁ မြန်မာနိုင်ငံသည် ဖိနှိပ်ဆဲ၊ အန္တရာယ်အလွန်အကျွံရှိနေဆဲဖြစ်
၁၁ IMF မှသတိပေးချက်များ
၁၂ မြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ
၁၄ အစီရင်ခံစာများ

ပင်မသတင်း

ရိုဟင်ဂျာဆန့်ကျင်ရေးအကြမ်းဖက်မှုများ ရခိုင်ပြည်နယ်တွင်ဆက်လက်ဖြစ်ပွား

မြှုပ်နှံထားပြီးစ ရိုဟင်ဂျာအလောင်းသုံးလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ရခိုင်ပြည်နယ်မောင်တောမြို့နယ်ဒူးချီးယားတန်းရွာတွင် ဇန်နဝါရီလထဲ၌အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည်။ ဒေသခံအာဏာပိုင်များက မတရားဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရသူသုံးဦး၏ အလောင်းများအားတွေ့ရှိခဲ့ခြင်းသည် နောက်ထပ်အဖြစ်အပျက်များအားဆက်တိုက်ဖြစ်ပွားစေ ခဲ့ကာ ရိုဟင်ဂျာကျေးရွာများအပေါ်၌ အကြမ်းဖက်မှုများဖြစ်ပွားစေခဲ့သည်။

P O BOX 296, LARDPRAO POST OFFICE, BANGKOK 10310, THAILAND
TEL ▼ 081 850 9008 ▼ [6681] 850 9008 EMAIL ▼ publications@altsean.org WEB ▼ www.altsean.org

- **ဇန်နဝါရီ ၉** - မောင်တောမြို့နယ် ဒူးချီးယားတန်းကျေးရွာ (ဒူးချားယားတန်း) တွင် ဘင်္ဂလားဒေ့ရှ်သို့နယ်စပ်ဖြတ်ကျော် ဝင်ရောက်ရန်ကြိုးပမ်းနေခဲ့သည့် ရိုဟင်ဂျာ ၈ ဦးအား ဒေသခံရခိုင်ဗုဒ္ဓဘာသာဝင်အုပ်စုတစုက အတင်းအကြပ်ဖမ်းဆီး ခေါ်ဆောင်သွားကာသတ်ဖြတ်ခဲ့ကြသည်။
- **ဇန်နဝါရီ ၁၃၊ ၁၄** - ဒူးချီးယားတန်းကျေးရွာမှ ရိုဟင်ဂျာရွာသားများနှင့်ရဲအရာရှိများအကြား ပြဿနာဖြစ်ခဲ့စဉ်အတွင်း ရွာသားများက ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းအား သတ်ဖြတ်ခဲ့ကြသည်။ ရဲများနှင့်ဒေသခံရခိုင်များက ဒူးချီးယား တန်းကျေးရွာမှ ရိုဟင်ဂျာမွတ်စလင် ယောကျ်ား၊မိန်းမနှင့်ကလေး အနည်းဆုံးအယောက် ၄၀ တို့အားလက်တုန့်ပြန် သတ်ဖြတ်ခဲ့ကြသည်။

၉၆၉ လှုပ်ရှားမှုမှ ဘုန်းတော်ကြီးများဒေသတွင်းတွင်လှည့်လယ်၍ ရိုဟင်ဂျာအားလုံးအားမောင်းထုတ်ပစ်ရန်စည်းရုံးသည့် တရားများအား ဟောစီဝီကာများဖြင့်ပြောကြားပြီးနောက် ဒီဇင်ဘာလကတည်းက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် တင်းမာ မှုများဖြစ်တည်လာခဲ့ခြင်းဖြစ်သည်ဟု အာရကန်ပရော့ဂျက်မှ ညှိနှိုင်းဆောင်ရွက်ရေးမှူးခရစ်လီးဝါ Chris Lewa မှပြော ကြားခဲ့သည်။

အကြမ်းဖက်မှုနှင့်ပတ်သက်သော အစီရင်ခံစာများထွက်ပေါ်လာသည်နှင့်အမျှ အစိုးရသည်ဆက်တိုက်ငြင်းဆန်ခဲ့သည်။ ဇန်နဝါရီလ ၁၇ ရက်တွင် မန္တလေးတိုင်းပုဂံတွင်ပြုလုပ်သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏အပြင်၌ သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူဦးရဲထွတ်က အစိုးရတွင်သတ်ဖြတ်မှုများနှင့်ပတ်သက်၍မည်သည့်အချက်အ လက်မျှ လက်ခံရရှိခြင်းမရှိပါဟုပြောကြားလိုက်သည်။ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အစိုးရပြန်ကြားရေးဝန်ကြီးဌာနက Associated Press (AP) မှဝန်ထမ်းများ၏ သတင်းဖော်ပြချက်များသည် ရခိုင်ပြည်နယ်တွင်မငြိမ်မသက်မှုများကို ဖြစ် ပေါ်လာစေခဲ့ပါက ၎င်းတို့အနေဖြင့်ထိုကိစ္စသည်ထိုဝန်ထမ်းများတွင် တာဝန်ရှိသည်ဟုယူဆရလိမ့်မည့်ဖြစ်ကြောင်း ကြေ ငြာလိုက်သည်။ အောက်ခြေမှအစီရင်ခံစာများကို လက်ခံမရရှိသေးသ၍ လွှတ်တော်မှစုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင် မည်မဟုတ်ကြောင်း အစိုးရမှပြောကြားသေးသည်။

ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြဿနာတက်သည့်နေရာအား စစ်ဆေးရန်နှင့်မောင်တောမြို့နယ်မှဒေသခံများနှင့် စကား ပြောကြားရန်အတွက် လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးရုံး (OCHA) နှင့် ဒုက္ခသည်များဆိုင်ရာမဟာမင်း ကြီးရုံး (UNHCR) တို့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးလှမောင်တင်ဦးဆောင်သောအဖွဲ့နှင့်အတူ ဒူးချီးယားတန်းကျေး ရွာသို့သွားရောက်ခဲ့ကြသည်။ သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွတ်ကထိုအဖွဲ့သည် အစီရင်ခံစာများကဖော် ပြခဲ့ကြသည့်အဖြစ်အပျက်များနှင့်ပတ်သက်သော မည်သည့်သက်သေအထောက်အထားများကိုမျှရှာဖွေမတွေ့ရှိခဲ့ပါဟု အတင်းအကြပ်ရပ်ခံပြောကြားခဲ့သည်။

ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိတွင် အစိုးရ၏မြန်မာလူ့အခွင့်အရေးကော်မရှင် (MHRC) နှင့် ရခိုင်စုံစမ်းရေး ကော်မရှင်တို့အား ပြဿနာဖြစ်သောရွာသို့သွားရောက်ရန်ခွင့်ပြုပေးခဲ့သော်လည်း သတ်ဖြတ်မှုများနှင့်ပတ်သက်၍မည် သည့် သက်သေအထောက်အထားမျှမတွေ့ရှိခဲ့ပေ။ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် အစိုးရမီဒီယာများက ရဲတပ်ကြပ်နှင့်သူ ၏ လက်နက်ပျောက်ဆုံးမှုအားစုံစမ်းစစ်ဆေးနေပါသည်ဟုသာ သတင်းဖော်ပြခဲ့သည်။ ထိုနေ့တွင်ပင် UN ကကြေငြာ ချက်တစောင်ထုတ်ပြန်လိုက်ကာ ရခိုင်ပြည်နယ်မှအကြမ်းဖက်မှုများကြောင့် ရိုဟင်ဂျာ ၄၈ ဦးသေဆုံးခဲ့ရသည်ဟုအစီရင် ခံခဲ့သည်။ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် အစိုးရကအစီရင်ခံစာများအားငြင်းပယ်၍ UN ၏စွပ်စွဲမှုများသည်လက်ခံနိုင်ဖွယ်မ ရှိပါဟုပြောကြားကာ တုန့်ပြန်လိုက်သည်။ သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွတ်ကအစီရင်ခံစာများသည် ပုဂံမှအာဆီယံအစည်းအဝေးကြောင့် မြန်မာနိုင်ငံကိုနိုင်ငံတကာ၏အာရုံစိုက်မှုခံနေရစဉ်တွင် အစိုးရအားဂုဏ်သိက္ခာ ကျဆင်းစေရန်အတွက် ဖြန့်ခဲ့သည့်ကောလဟာလများသာဖြစ်သည်ဟု ပြောကြားလိုက်သည်။

ဇန်နဝါရီလ ၂၈ ရက်နေ့တွင် AP၊ ရောဝတီ၊ အမေရိကန်အသံ (Voice of America)၊ မြန်မာတိုင်းမ်နှင့်မဇ္ဈိမသတင်းဌာန တို့အပါအဝင် ထိုအဖြစ်အပျက်များကိုဖော်ပြခဲ့သော နိုင်ငံတကာမီဒီယာများအား မီဒီယာရှင်းလင်းပွဲသို့တက်ရောက်ရန် အစိုးရမှခွင့်မပြုခဲ့ပါ။

ရိုဟင်ဂျာများအစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရခြင်းအပေါ်နိုင်ငံတကာမှတုန့်ပြန်မှုများ

ရခိုင်ပြည်နယ်မှအကြမ်းဖက်မှုများနှင့်ပတ်သက်၍ အစိုးရ၏ချက်ချင်းငြင်းဆိုတုန့်ပြန်ခဲ့မှုကြောင့် [အပေါ်မှ *ရိုဟင်ဂျာဆန့်ကျင်ရေးအကြမ်းဖက်မှုများ ရခိုင်ပြည်နယ်တွင်ဆက်လက်ဖြစ်ပွား* တွင်ကြည့်ပါ] နိုင်ငံတကာအသိုင်းအဝိုင်းမှ ကျယ်ပြန့်သောတုန့်ပြန်မှုများကို ဖြစ်စေခဲ့သည်။ နိုင်ငံတကာခေါင်းဆောင်များနှင့်အဖွဲ့အစည်းများတို့သည် ကြေငြာချက်တစောင်ထုတ်ပြန်ကာ အကြမ်းဖက်မှုများကိုရှုံ့ချခဲ့ပြီး နောက်ထပ်စုံစမ်းစစ်ဆေးမှုများပြုလုပ်ပေးပါရန် တိုက်တွန်းခဲ့ကြသည်။

- **ဇန်နဝါရီ ၁၇** - UN မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်သောမတ်စ်အိုဂျေကွင်တားနားက ရခိုင်ပြည်နယ်မောင်တောမြို့နယ် ဒူးချီးယားတန်းကျေးရွာမှရိုဟင်ဂျာများအပေါ်အကြမ်းဖက်မှုနှင့်ပတ်သက်သည့် အစီရင်ခံစာများအားစုံစမ်းစစ်ဆေးပေးပါရန်၊ လူ့အခွင့်အရေးချိုးဖောက်သူများအားအရေးယူပေးပါရန်၊ ထိန်းသိမ်းထားသူများ၏အခွင့်အရေးအားလေးစားပါရန်နှင့် ထိုရွာသို့လွတ်လပ်သောစောင့်ကြည့်ရေးအဖွဲ့များအား သွားရောက်ခွင့်ပြုပါရန် အစိုးရအားတိုက်တွန်းလိုက်သည်။
- **ဇန်နဝါရီ ၁၇** - အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) အထွေထွေအတွင်းရေးမှူးအိုင်ယက်ဒ်အမီးန်မာဒါနီ Iyad Ameen Madani ကကြေငြာချက်တစောင်ထုတ်ပြန်ကာ ၂၀၁၃ခုနှစ်ဝင်ဘာလကသဘောတူထားသည့်အတိုင်း ရိုဟင်ဂျာများအပေါ်အကြမ်းဖက်မှုများအားရပ်တန့်စေရန်အတွက် အစိုးရမှလုပ်ဆောင်ရန်ပျက်ကွက်ခဲ့သည်ဟု ပြောကြားလိုက်သည်။
- **ဇန်နဝါရီ ၁၇** - ရန်ကုန်မြို့ရှိ UK နှင့် US သံရုံးတို့မှ ပူးတွဲကြေငြာချက်တစောင်ထုတ်ပြန်ကာ မွတ်စလင်နှင့်ဗုဒ္ဓဘာသာဝင်များအကြား ဖြစ်ပေါ်ခဲ့သည့်အကြမ်းဖက်လုပ်ဆောင်မှုများကိုရှုံ့ချလိုက်ပြီး သူတို့၏လုပ်ဆောင်မှုများအတွက် တာဝန်ရှိသော လုံခြုံရေးဝန်ထမ်းများရောအရပ်သားများကိုပါ အရေးယူပေးပါရန်တိုက်တွန်းလိုက်သည်။ ထိုကြေငြာချက်က ရခိုင်ပြည်နယ်တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးမှု၊ တရားမျှတမှု၊ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများရယူခွင့်နှင့် ပြန်လည်ရင်ကြားစေ့ရေးတို့အားလုပ်ဆောင်နိုင်ရန်အတွက် ပြည့်စုံသောဆောင်ရွက်ချက်များကိုချက်ချင်းပြုလုပ်ပါရန်လည်းအစိုးရအားတောင်းဆိုလိုက်သည်။
- **ဇန်နဝါရီ ၂၃** - ကုလသမဂ္ဂ လူသားချင်းစာနာမှုနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ လက်ထောက် အတွင်းရေးမှူးဘယ်လာရီ အေမွတ်စ် Valerie Amos ကကြေငြာချက်တစောင်ထုတ်ပြန်ကာ အရပ်သားများအားအကာအကွယ်ပေးရန်၊ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများထိုဒေသသို့ပေးပို့နိုင်စေရန်အတွက် ခွင့်ပြုပေးရန်၊ ဘက်မလိုက်သောစုံစမ်းစစ်ဆေးမှုပြုလုပ်ပေးပါရန်နှင့်ဖမ်းဆီးထိန်းသိမ်းထားသူများ၏ အခွင့်အရေးများအားလေးစားရန်တို့အတွက် အစိုးရအားတိုက်တွန်း လိုက်သည်။ UN လူ့ အခွင့်အရေးဆိုင်ရာမဟာမင်းကြီးနဗီးပီလေး Navi Pillay က ဒူးချီးယားတန်းရွာမှ အကြမ်းဖက်မှုများအား စုံစမ်းစစ်ဆေးမှုပြုလုပ်ပေးပါရန်နှင့် လျင်လျင်မြန်မြန်၊ ဆုံးဖြတ်ချက်ရှိရှိတုန့်ပြန်ပါရန်အစိုးရအားတောင်းဆိုလိုက်သည်။

အစွန်းရောက်ဗုဒ္ဓဘာသာဘုန်းတော်ကြီးများမှခွဲခြားဖိနှိပ်မှုများဆိုးဝါးလာအောင်လုပ်ဆောင်

ရခိုင်ပြည်နယ်မှတင်းမာမှုများ ပိုမိုဆိုးဝါးလာနေရသည့်အထဲ၌ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီး ၁၀၀၀၀ကျော်တို့သည် (အချို့မှာအစွန်းရောက်ဘုန်းတော်ကြီးဦးဝီရသူအပါအဝင်၉၆၉ လှုပ်ရှားမှုနှင့်ချိတ်ဆက်ထားသောဘုန်းတော်ကြီးများ) ဘာသာကွဲများအကြား လက်ထပ်ထိမ်းမြားခြင်းကို ကန့်သတ်ရန်အဆိုအားဆွေးနွေးရန်အတွက် မန္တလေးမှညီလာခံအားတက်ရောက်ခဲ့ကြသည်။ ထိုညီလာခံ၌ ၂၀၁၃ ခုဇွန်လအတွင်းက ပထမဦးဆုံးတင်ထားသည့် ဗုဒ္ဓဘာသာအမျိုးသမီးများနှင့် မွတ်စလင်အမျိုးသားများအကြား လက်ထပ်ထိမ်းမြားခြင်းအား ကန့်သတ်သည့်ဥပဒေကြမ်းကို ထောက်ခံသည့်လက်မှတ်များအား အုပ်စုတစုမှ လိုက်လံစုဆောင်းခဲ့သည်။ [*၂၀၁၃ခုဇွန်လမြန်မာသတင်းလွှာ*တွင်ကြည့်ပါ။] ဘုန်းတော်ကြီးများက ဘာသာကွဲများအကြားထိမ်းမြားခြင်းဥပဒေအား ထောက်ခံသည့်အားဖြင့် အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီမှလွှတ်တော်အမတ်များအား လက်မှတ်ပေါင်း ၃ သန်းခန့်ပေးပို့တင်ပြထားသည်ဟု ပြောကြားခဲ့ သည်။ ထိုညီလာခံအတွင်းတွင် မွတ်စလင်ရိုဟင်ဂျာများအား နိုင်ငံရေးပါတီထူထောင်ခွင့်၊ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခွင့်၊ မဲပေးခွင့် စသည်တို့ကို ဖြတ်ပယ်ထားသည့် ၂၀၁၃ ခုဩဂုတ်လအတွင်းက အမျိုးသားလွှတ်တော်တွင်တင်

ပြခဲ့သော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအား ပြင်ဆင်ခြင်းများကို ဘုန်းတော်ကြီးများက ထောက်ခံကြောင်းပြသခဲ့ကြသည်။ [*၂၀၁၃ခုဩဂုတ်လမြန်မာသတင်းလွှာ* တွင်ဖတ်ပါ။]

မြန်မာနိုင်ငံပြည်တွင်းသတင်းများ

လွှတ်တော်နဝမအကြိမ်မြောက်အစည်းအဝေးကျင်းပ

ဇန်နဝါရီလ ၁၃ ရက်နေ့တွင် လွှတ်တော်သည် ၎င်း၏နဝမအကြိမ်မြောက်အစည်းအဝေးကို နေပြည်တော်တွင်ကျင်းပခဲ့သည်။ အရေးကြီးသောဖြစ်ထွန်းမှုများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- **ဇန်နဝါရီ ၁၃** - အမျိုးသားဒီမိုကရေစီသစ်ပါတီ (NNDP) မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ကချွင်းချက်မရှိလွှတ်မြောက်မှုအဖြစ်အာမခံချက်ရှိစေရန်အတွက် ၂၀၁၁ ခုနှစ်ကတည်းကလွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများအား ပေးအပ်ခဲ့သည့်လွတ်ငြိမ်းချမ်းသာခွင့်များကို နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ (NDSC) မှတရားဝင်လက်မှတ်ရေးထိုးပြုလုပ်ပေးမှုများရရှိရန်အဆိုကို တင်ပြခဲ့သည်။
- **ဇန်နဝါရီ ၁၃** - USDP ပါတီမှလွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကိုက နေပြည်တော် (အစိုးရ) မှလူထုမငြိမ်မသက်မှုများဖြစ်လာမည်ကိုစိုးရိမ်သည့်အတွက် ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေပုဒ်မ ၁၈ ကိုပြင်ဆင်ခြင်းကို အစိုးရပြည်ထဲရေးဝန်ကြီးဌာနမှကန့်ကွက်ခဲ့သည်ဟုပြောကြားခဲ့သည်။
- **ဇန်နဝါရီ ၁၇** - အမျိုးသားလွှတ်တော်က မြန်မာ့အထူးစီးပွားရေးဇုံ (SEZ) ဥပဒေကြမ်းကို ထောက်ခံမဲ ၃၂၇ မဲ၊ ကန့်ကွက်မဲ ၁၇၄ မဲ၊ ကြားနေမဲ ၈ မဲတို့ဖြင့်အတည်ပြုခဲ့သည်။ SEZ အားလွှတ်တော်မှအတည်ပြုမှုအား ဆန့်ကျင်သည့် သမ္မတဦးသိန်းစိန်၏ အဆိုအားလွှတ်တော်အမတ်များက ကန့်ကွက်မဲပေးခဲ့ကြသည်။ လွှတ်တော်အမတ်များ၏မဲများက SEZ ၏ဖွံ့ဖြိုးမှုအား လွှတ်တော်မှစောင့်ကြည့်ရန် ခွင့်ပြုခဲ့သည်။
- **ဇန်နဝါရီ ၂၉** - အစိုးရပြည်ထဲရေးဒုဝန်ကြီးဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက လွှတ်တော်တွင်အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအားတင်ပြခဲ့သည်။ ထိုဥပဒေသည် ငွေကြေးလုပ်ဆောင်မှုများလုပ်ငန်းအဖွဲ့ (FATF) ၏အကြံပြုချက်များအား ပူးပေါင်းလုပ်ဆောင်နိုင်ရန်တင်ပြထားသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်အတူ ဦးစားပေးအလေးထားခံခဲ့ရသည်။ [အောက်မှ *နာမည်ပျက်စာရင်းမှပယ်ဖျက်ပေးရန်မြန်မာနိုင်ငံမှကြိုးပမ်း* တွင်ကြည့်ပါ။]
- **ဇန်နဝါရီ ၂၁** - ပြည်သူ့လွှတ်တော်အမတ်များမှ ဥပဒေကြမ်းအားကြေညက်စွာသုံးသပ်နိုင်ရန်အတွက် အချိန်ပို လိုပါကြောင်းပြောကြားအပြီးတွင် အမျိုးသားလွှတ်တော်အမတ်များက ပုံနှိပ်နှင့်ထုတ်ဝေရေးဥပဒေကြမ်းကိုအတည်ပြုရန်ရွှေ့ဆိုင်းလိုက်သည်။ ထိုဥပဒေကြမ်းက ပြန်ကြားရေးဝန်ကြီးဌာနအား ထုတ်ဝေခွင့်လိုင်စင်များကိုထုတ်ပေးခွင့်၊ရပ်ဆိုင်းခွင့်နှင့်ပြန်လည်ရုတ်သိမ်းခွင့်တို့ကို ပေးထားသည်။
- **ဇန်နဝါရီ ၂၃** - အမျိုးသားလွှတ်တော်အစည်းအဝေးက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းအား အတည်ပြုပေးလိုက်သည်။
- **ဇန်နဝါရီ ၂၃** - ပြည်သူ့လွှတ်တော်အစည်းအဝေးက မြန်မာ့အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းအား အတည်ပြုပေးခဲ့သည်။ ထိုဥပဒေကြမ်းက ကော်မရှင်အဖွဲ့ဝင်အသစ်များခန့်အပ်ခြင်းလုပ်ငန်းစဉ်အား အထူးပြုထားကာ အနည်းဆုံးအဖွဲ့ဝင်အရေအတွက်ကိုလည်း ၉ဦး ၇ဦး သို့လျှော့ချထားသည်။ ထိုဥပဒေကြမ်းသည် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာတိုင်ကြားမှုများကို တုန့်ပြန်လုပ်ဆောင်ပေးရာတွင် ရက် ၃၀ အချိန်သတ်မှတ်ခြင်းအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်သော တိုင်ကြားမှုများအားကိုင်တွယ်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များအားလည်းပြင်ဆင်ထားသည်။ ထိုဥပဒေသည် ကော်မတီဝင်နှစ်ဦးအား NGO သို့မဟုတ်လူထုအဖွဲ့အစည်းများမှ ဖြစ်ရန်လိုအပ်သည်ဆိုခြင်းဖြင့် ကော်မရှင်ထဲတွင်လူထုအဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှုကိုအားကောင်းအောင်လုပ်ဆောင်ပေးထားသည်။
- **ဇန်နဝါရီ ၂၇** - ပြည်သူ့လွှတ်တော်အရင်းအမြစ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ (သဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ) က လျှပ်စစ်ဥပဒေကြမ်းကို တင်ပြခဲ့သည်။

ငွေကြေးခဝါချမှုနာမည်ပျက်စာရင်းမှပယ်ဖျက်ပေးရန်မြန်မာနိုင်ငံကြိုးပမ်း

မြန်မာနိုင်ငံအားငွေကြေးခဝါချမှုနာမည်ပျက်စာရင်းတွင်သွင်းထားခြင်းမှ ပယ်ဖျက်နိုင်ရန်အတွက် ပုံဖော်ရေးဆွဲထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အဆိုနှစ်ခုတို့ကို လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းမှ ဦးစားပေးအလေးထားခဲ့ပြီး တတ်နိုင်သမျှအမြန်ဆုံး အတည်ပြုနိုင်အောင် လုပ်ဆောင်ပါမည်ဟု ကတိပေးထားသည်။ သမ္မတဦးသိန်းစိန်သည် ပဲရစ်တွင်ဖေဖော်ဝါရီလလယ်တွင်ပြုလုပ်ရန်ရှိသည့် ငွေကြေးဆိုင်ရာလုပ်ဆောင်မှုလုပ်ငန်းအဖွဲ့ (AFTA) ၏ မျက်နှာစုံညီနှင့်လုပ်ငန်းအဖွဲ့အစည်းအဝေးများမတိုင်မီတွင် ဥပဒေများအားအပြီးသတ်အတည်ပြုပေးကြပါရန် ဥပဒေပြုသူများအားတိုက်တွန်းထားသည်။

ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းအားတင်သွင်းခဲ့သော အစိုးရပြည်ထဲရေးဒုဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက အကယ်၍မြန်မာနိုင်ငံမှအစည်းအဝေးမတိုင်ခင်တွင် လုံလောက်သောဥပဒေပြောင်းလဲမှုများကို လုပ်ဆောင်ပြသနိုင်ခြင်းမရှိပါက ပိတ်ဆို့ဒါဏ်ခတ်မှုများဖြစ်လာနိုင်ချေရှိသည်ကို သတိပေးပြောကြားခဲ့သည်။ အစိုးရပြည်ထဲရေးဒုဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇန်မြင့်က ပိတ်ဆို့ဒါဏ်ခတ်ခံရရန် ခြိမ်းခြောက်မှုများဖြစ်နိုင်ချေနည်းသော်လည်း ချမှတ်ထားမှုများကို လိုက်နာလုပ်ဆောင်ခြင်းမရှိပါက FATF ၏တန်ပြန်အရေးယူလုပ်ဆောင်မှုကို ခံရနိုင်သည်ဟု ပြောကြားခဲ့သည်။ FATF သည်မြန်မာနိုင်ငံအား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးလမ်းညွှန်များအား လိုက်နာရန်ပျက်ကွက်သည့်နိုင်ငံများစာရင်းတွင် နှစ်ပေါင်းအတော်ကြာအောင် ထည့်သွင်းထားခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်သုံးသပ်ခြင်းသည် ပြောင်းလဲခြင်းသို့ဦးမတည်

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် လွှတ်တော်အခြေခံဥပဒေပြန်လည်သုံးသပ်ရေးကော်မတီမှ အခြေခံဥပဒေပြန်လည်ပြင်ဆင်ရေးနှင့်ပတ်သက်သော ၎င်းတို့၏အစီရင်ခံစာကိုတင်ပြခဲ့သည်။ ကော်မတီသည် ပြင်ဆင်မှုပေါင်း ၃ သိန်းကျော်တို့အား အဆိုပြုထားသည့် အကြံပြုချက် ၂၈၂၄၇ ခုကိုလက်ခံရရှိခဲ့သည်။ သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည်အားသမ္မတမ ဖြစ်စေရန်တားမြစ်ထားသော ပုဒ်မ ၅၉ (စ)၊ လွှတ်တော်တွင်စစ်တပ်မှ ၂၅%ပါဝင်ခွင့်ပြုထားသည့်ပုဒ်မ ၁၀၉ နှင့် ၁၄၁၊ အခြေခံဥပဒေပြင်ဆင်ရန်အတွက် လွှတ်တော်တွင် ၇၅% အထက်အတည်ပြုထောက်ခံမှုရရှိရန်လိုအပ်သည်ဟုပြဋ္ဌာန်းထားသောပုဒ်မ ၄၃၆ တို့အပါအဝင် အငြင်းပွားဖွယ်ပုဒ်မများအား မည်သည့်အမှန်တကယ်ပြောင်းလဲမှုကိုမျှ အစီရင်ခံစာကအဆိုမပြုနိုင်ခဲ့ပေ။

တာဝန်ထမ်းဆောင်နေချိန်တွင် ရာဇဝတ်မှုများကျူးလွန်သည့် စစ်တပ်တပ်ဖွဲ့ဝင်များအား အကာအကွယ်ပေးထားသည့် စာပိုဒ်ကိုလည်း ကော်မတီမှဆက်လက်ထားရှိထားသည်။ ကော်မတီကဖွဲ့စည်းပုံအခြေခံဥပဒေမှ အခန်း ၁ - ၅ ကိုပြင်ဆင်ရန် အကြံပြုထားကာထိုအခန်းများသည် အစိုးရနှင့်တိုင်းရင်းသားအုပ်စုများအကြား အာဏာကျယ်ပြန့်စွာခွဲဝေမှုကို ခွင့်ပြုထားသည်။ သို့သော် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်စနစ်အတွက် မျှော်လင့်ချက်ဟူသမျှတို့ကိုပယ်ဖျက်ထားသော လက်နက်ကိုင်တပ်ဖွဲ့ဟူသမျှတို့သည် အစိုးရကာကွယ်ရေးတပ်မတော်၏ အုပ်ချုပ်မှုအောက်သို့ဝင်ရောက်ရန် လိုအပ်သည်ဆိုသည့် ပုဒ်မ ၃၃၈ နှင့်ပတ်သက်၍မူ မည်သည့်ပြင်ဆင်မှုမျိုးကိုမျှ အဆိုမပြုခဲ့ပေ။

ကော်မတီအတွင်းရေးမှူးက မည်သည့်အဆိုပြုလာသည့်ပြင်ဆင်မှုမျိုးကိုမဆို သူတို့အနေဖြင့်ထောက်ခံမည် မထောက်ခံမည်ဟုဆန္ဒပြုမည်မဟုတ်ပဲ အမျိုးသားလွှတ်တော်သို့ တိုက်ရိုက်တင်ပြသွားမည်ဟုယခုလစောစောပိုင်းကကြေငြာခဲ့သည်။

အစိုးရသည် ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်တွင်ပိုက်ဆံပိုမိုသုံးစွဲဖွယ်ရှိ

ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အစိုးရအမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဦးကံဇော်က ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ် အတွက်အဆိုပြုဘတ်ဂျက်ကို အမျိုးသားလွှတ်တော်သို့တင်ပြခဲ့သည်။

ဇန်နဝါရီလ ၁၄ ရက်နေ့တွင် အစိုးရကာကွယ်ရေးဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က ကာကွယ်ရေးဘတ်ဂျက်အဖြစ် ၂.၃၆ ထရီလီယံကျပ် (အမေရိကန်ဒေါ်လာ ၂.၃၅ ဘီလီယံ) အဆိုပြုခဲ့သည်။ အကယ်၍ထိုအဆိုပြုသောစစ်ရေးဘတ်ဂျက်အားအတည်ပြုခဲ့ပါက ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်ကချမှတ်ပေးထားခဲ့သော စစ်အသုံးစရိတ် ၂.၂၄ ထရီလီယမ်ကျပ် (အမေရိကန်ဒေါ်လာ ၂.၅ ဘီလီယံ) နှင့်နှိုင်းယှဉ်လျှင် ၁၂၀ ဘီလီယမ်ကျပ် (အမေရိကန်ဒေါ်လာ ၁၂၀ သန်း) ပိုမိုတိုးလာမည်ဖြစ်သည်။ [*၂၀၁၃ခုမတ်လမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] ယခင်နှစ်က ၁၃.၄ % နှင့်နှိုင်းယှဉ်လျှင် စစ်တပ်ဘတ်ဂျက်သည် ဘတ်ဂျက်၏ပိုငယ်လာသောရာခိုင်နှုန်း ၁၂.၂၅% ဖြစ်နေစဉ်တွင် အမျိုးသားအသုံးစရိတ်၏ အကြီးမားဆုံးအပိုင်းအဖြစ် ဆက်လက်ပါဝင်နေဆဲဖြစ်ပါသည်။

တနိုင်ငံလုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲရွှေ့ဆိုင်းရ၊ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများညီလာခံပြုလုပ်

ဇန်နဝါရီလတွင် တနိုင်ငံလုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (NCCT) ၏ ပန်ကြားမှုအရ ဇန်နဝါရီလလယ်တွင်ကရင်ပြည်နယ်ဖားအံမြို့တွင်ပြုလုပ်ရန်စီစဉ်ထားသည့် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား အမျိုးသားငြိမ်းချမ်းရေးဆွေးနွေးပွဲများအား ဒုတိယအကြိမ်အဖြစ်ဖေဖော်ဝါရီလအထိ ရွှေ့ဆိုင်းလိုက်ရသည်။ NCCT က တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်နှင့်ပတ်သက်၍ အားလုံး၏သဘောထားရပ်တည်ချက်များကို နောက်ဆုံးအချောသပ်နိုင်ရန်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအတွက် အချိန်ပိုမိုလိုအပ်ပါသည်ဟုပြောကြားလိုက်သည်။

ဇန်နဝါရီလ ၂၀ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အုပ်စု ၁၇ ခုမှခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များသည် အစိုးရ၏တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအဆိုပြုချက်အား ဆွေးနွေးရန်အတွက် ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ်မှ KNU ထိန်းချုပ်ထားသော လော်ခီးလာ၌ညီလာခံပထမနေ့ကိုတက်ရောက်ခဲ့ကြသည်။

ဇန်နဝါရီလ ၂၅ ရက်နေ့ ၆ ရက်တာညီလာခံအပြီး၌ တက်ရောက်ခဲ့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့အနက်မှ ၁၆ ဖွဲ့တို့သည်အချက် ၁၁ ချက်ပါသောသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြကာ ထိုသဘောတူညီချက်တွင် တနိုင်ငံလုံးအနှံ့အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အား လက်မှတ်ထိုးပြီးသည်နှင့်တပြိုက်နက် နိုင်ငံရေးဆွေးနွေးပွဲစတင်ရမည်ဟု ခိုင်ခိုင်မာမာဖော်ပြထားသည်။ နိုင်ငံရေးဆွေးနွေးမှုအဆင့်တွင် ဖက်ဒရယ်ပြည်ထောင်စုတပ်တည်ထောင်ရေးကဲ့သို့သောကိစ္စများကိုဆွေးနွေးကြမည်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်များမှ ပိုမိုအဆင့်မြင့်သော ကိုယ်ပိုင်အုပ်ချုပ်ရန်အခွင့်အရေးအား အသိအမှတ်ပြုရန်အတွက် တောင်းဆိုခဲ့သော်လည်း အစိုးရ၏အမူအကျင့်မှာမူ ထိုတောင်းဆိုချက်အောင်မြင်နိုင်ပါမည်လားဟု မေးခွန်းထုတ်ချင်စရာဖြစ်နေပါသည်။ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မိန့်ခွန်းကိုဖော်ပြခဲ့ကြကာ သူကအစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ပြုလုပ်ခဲ့ကြောင်းပြောခဲ့ပြီး "ဒါပေမယ့် ဒါဟာငါတို့ကတိုက်ခိုက်ဖို့ကြောက်တယ်ဆိုတဲ့သဘောမဟုတ်ဘူး။ ငါတို့ကဘယ်သူ့ကိုမှမကြောက်ဘူး။ ငါတို့မတိုက်နိုင်တဲ့၊ မတိုက်ရဲတဲ့သောင်းကျန်းသူအဖွဲ့ဆိုတာ ဘယ်မှာမှမရှိဘူး။" ဟုပြောကြားခဲ့သည်။ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးသည် နေပြည်တော်၌အရာရှိတစုအား မိန့်ခွန်းပြောခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်ကရင်ပြည်နယ်တို့တွင်တိုက်ပွဲများဖြစ်ပွား

ဇန်နဝါရီလတွင် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား တရားဝင်ဆွေးနွေးမှုမျိုးမရှိခဲ့ပေ။ သို့သော်လည်း အစိုးရတပ်များသည်ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့အားလည်းကောင်း၊ ကရင်ပြည်နယ်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) အားလည်းကောင်း ထိုးစစ်များဆက်လက်ပြုလုပ်ခဲ့သည်။

- **ဇန်နဝါရီ ၄** - သီးခြားစီထွက်ရှိလာသောအစီရင်ခံစာနှစ်စောင်အရ ရှမ်းပြည်နယ်ကူမဲမြို့နယ်တွင် အစိုးရတပ်များနှင့် TNLA တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြကြောင်းသိရှိရသည်။ နံနက် ၄ နာရီတွင်အစိုးရတပ်များနှင့် TNLA တပ်မဟာ ၇၁၇၊ ၅၀၆၊ ၅၀၂ တို့နှင့်လည်းကောင်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိတွင် KIA တပ်ရင်း ၃၄ နှင့် TNLA တပ်ရင်း ၇၁၇ ပူးပေါင်းတပ်များနှင့် အစိုးရတပ် ခမရ ၅၀၄ နှင့် ၅၀၆ တို့သည်လည်းကောင်း တိုက်ပွဲများဖြစ်ပွားခဲ့ကြသည်။
- **ဇန်နဝါရီ ၄** - ရှမ်းပြည်နယ်ကွတ်ခိုင်မြို့နယ်တွင် အစိုးရတပ်များနှင့် KIA တပ်ရင်း ၂ တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဇန်နဝါရီ ၄** - ရှမ်းပြည်နယ်နမ့်စမ်မြို့နယ်တွင် အစိုးရတပ်များနှင့် KIA/TNLA ပူးပေါင်းတပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဇန်နဝါရီ ၅** - ကချင်ပြည်နယ်မန်စီမြို့နယ်နမ်ငွမ်ရွာအနီးတွင် ခမရ ၂၉၀ မှအစိုးရတပ်များနှင့် ကချင်ပြည်သူ့စစ် (မောင်ရှာဝါဖျန်ဖောင် (MHH)) တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဇန်နဝါရီ ၆** - ကချင်ပြည်နယ်မန်စီမြို့နယ်မန်ဒင်ပရွာတွင် ခလရ ၅၆ မှအစိုးရတပ်များနှင့် KIA တပ်ရင်း ၁၂ တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဇန်နဝါရီ ၆** - အစိုးရတပ်မှစစ်သားများက KNLA နယ်မြေအတွင်းသို့ဝင်ရောက်သွားအပြီးတွင် အစိုးရတပ်များနှင့် KNLA တပ်မဟာ ၅ တပ်များတို့တိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဇန်နဝါရီ ၁၀၊ ၁၁** - ကချင်ပြည်နယ်မန်စီမြို့နယ်နမ်စန်းရွာနှင့်နမ်ဂေါ်ရွာတို့ကို တပ်ရင်း ၂၇၆ မှအစိုးရတပ်များကတိုက်ခိုက်ခဲ့ကြကာ ရွာသား ၁၈ ဦးအားဖမ်းဆီးသွားခဲ့သည်။
- **ဇန်နဝါရီ ၁၁** - ကချင်ပြည်နယ်မန်စီမြို့နယ်နမ်ဂေါ်ရွာ၊ဂွမ်ရမ်ရွာနှင့်နမ်ခမ်ရွာတို့ အထဲနှင့်ပတ်ပတ်လည်တွင် အစိုးရတပ်များက KIA တပ်များကိုတိုက်ခိုက်ခဲ့ကြသည်။
- **ဇန်နဝါရီ ၁၁** -ကချင်ပြည်နယ်မိုးမောက်မြို့နယ်တွင် အစိုးရတပ်များက KIA စခန်းတခုအားတိုက်ခိုက်သိမ်းပိုက်ခဲ့ကြသဖြင့် KIA စစ်သားတဦးသေဆုံးခဲ့သည်။

အစိုးရတပ်များသည် စစ်ဆင်ရေးပြုလုပ်နေစဉ်အတွင်းအရပ်သားများအားဆက်လက်ပစ်မှတ်ထားခဲ့ကြကာ ယခင်ကပြုလုပ်ထားခဲ့ကြသော အပစ်အခတ်ရပ်စဲမှု သို့မဟုတ် ငြိမ်းချမ်းရေးသဘောတူညီချက်များကို ချိုးဖောက်ခဲ့ကြသည်။ ဇန်နဝါရီလ ၇ ရက်နေ့တွင် ခမရ ၄၀၁ မှအစိုးရတပ်များသည် အစိုးရနှင့် KNU အကြားတွင်ထားရှိထားသော ၂၀၁၂ ခုနှစ်သဘောတူညီချက်ကိုချိုးဖောက်ကာ ကရင်ပြည်နယ်ဖာပွန်မြို့နယ်မြောက်ပိုင်းမှ အရပ်သားများနေထိုင်သည့်နေရာများကို လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့ကြသည်။

ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ၂၀၁၃ ခုနှစ်နိုဝင်ဘာလက အစိုးရတပ်များကညှင်းပန်းသတ်ဖြတ်ထားသော အလောင်းသုံးလောင်းကိုရှာဖွေတွေ့ရှိခဲ့ကြောင်း လွတ်လပ်သောမြန်မာစစ်သည်တော်များ Free Burma Rangers အကူအညီပေးရေးအဖွဲ့ကသတင်းပို့ခဲ့သည်။

ဒေါ်စုတိုင်းရင်းသားပြည်နယ်များသို့သွားရောက်

ဇန်နဝါရီလ ၆ ရက်နေ့တွင် ဒေါ်အောင်ဆန်းစု ကြည်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်ပြင် ဆင်ရေးအတွက်ထောက်ခံမှုရရှိရန် ချင်း၊ကရင်၊ ရှမ်းပြည်နယ်များနှင့် စစ်ကိုင်းတိုင်းတို့သို့သွား ရောက်မည့်ခရီးစဉ်ကိုစတင်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က ၂၀၀၈ ဖွဲ့စည်းပုံအခြေ ခံဥပဒေသည် အစိုးရနှင့်တိုင်းရင်းသားအုပ်စုများ အကြား အမျိုးသားပြန်လည်သင့်မြတ်ရေးကိုအ တားအဆီးဖြစ်နေသည်ဟု ပြောကြားလိုက်ကာ ထိုအရာသည်မြန်မာနိုင်ငံဒီမိုကရေစီဖွံ့ဖြိုးရေး အတွက်လိုအပ်ကြောင်းလည်း ပြောကြားခဲ့သည်။ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဒေါ်စုကဖွဲ့စည်းပုံပြင်ဆင်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံသား အားလုံးအားညီမျှသော အခွင့်အရေးပေးရန်ဖြစ် ကာ မြန်မာနိုင်ငံ၏အင်အားကြီးသောစစ်တပ် သည်ထိုပြောင်းလဲမှုများ၏လမ်းပေါ်တွင် ရပ်ခံ၍ မနေသင့်ပါဟုပြောကြားလိုက်သည်။

သူမ၏ခရီးစဉ်အတွင်း ဒေသခံများနှင့်တွေ့ဆုံရန်ဒေါ်စု၏အစီအစဉ်အား ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်မှဒေသခံအာဏာပိုင်များက ဖျက်ဆီးရန်ကြိုးစားခဲ့ကြသည်။

- **ဇန်နဝါရီ ၈** - ချင်းပြည်နယ်ဖလမ်းမြို့နယ်မှအစိုးရအာဏာပိုင်များသည် ဒေါ်အောင်ဆန်းစုကြည်၏ဟောပြောပွဲသို့ မတက်ရောက်နိုင်ရန် ဝန်ထမ်းများနှင့်ကျောင်းသားများအားတားမြစ်ခဲ့သည်ဟု သတင်းများရရှိခဲ့သည်။
- **ဇန်နဝါရီ ၂၄** - တပ်မတော်အရာရှိများနှင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့မှ ရှမ်းပြည်နယ်နမ့်စမ်မြို့နယ်နမ့်စမ်စစ်လေယာဉ်ကွင်းတွင် လေယာဉ်ဆင်းသက်ရန်ခွင့်မပြုခဲ့သည့်အတွက် ဒေါ်အောင်ဆန်း စုကြည်၏လေယာဉ်ခရီးစဉ်သည် ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ဟောပြောပွဲပြုလုပ်ရန်စီစဉ်ထားသောနမ့်စမ်မြို့နှင့် ၁၅၀ ကီလိုမီတာအကွာမှ ကလောမြို့နယ်ဟဲဟိုးလေဆိပ်သို့ လမ်းကြောင်းပြောင်းခဲ့ရသည်။
- **ဇန်နဝါရီ ၂၄** - ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးအောင်သူက စစ်တပ်ပိုင်ဖြစ်သည့်အတွက် ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်မှ အဝေရာ မီးပုံးပျံကွင်းအား ဟောပြောပွဲပြုလုပ်ရန်ဒေါ်အောင်ဆန်းစုကြည်မှ အသုံးမပြုနိုင်ပါဟု NLD မှတာဝန်ရှိသူများအား ပြောကြားခဲ့သည်။ ဒေါ်စုသည် နောက်ဆုံးတွင် သူမ၏ဟောပြောပွဲကို ကွင်းပြင်ထဲတွင်ပြုလုပ်ခဲ့ရကာ သူမအားထောက်ခံသူများအား ၁၀ ဘီးကားပေါ်တွင်ပြုလုပ်ထားသောစင်မြင့်မှ စကားပြောခဲ့ရသည်။
- **ဇန်နဝါရီ ၂၄** - ရှမ်းပြည်နယ်တွင်ရပ်နားစဉ်အတွင်း ဟိုမုန်းမြို့နယ်၊မုန်းပန်မြို့နယ်တို့မှဒေသခံတိုင်းရင်းသား ပြည်သူ့စစ်အဖွဲ့များနှင့်တွေ့ဆုံရန် ဒေါ်စုမှစီစဉ်ခဲ့သော်လည်း ရှမ်းပြည်နယ်မုန်းနိုင်မြို့နယ်မှတပ်မတော်အရာရှိများက ထိုအုပ်စုများအား တွေ့ဆုံပွဲကိုမတက်ရန်ဖိအားပေးခဲ့ကြသည်ဟု သတင်းများရရှိခဲ့သည်။

ဒေါ်စုခရီးစဉ်

စစ်ကိုင်းတိုင်း

ဇန်နဝါရီ ၆ - ကလေးမြို့နယ်၊ ကလေးမြို့

ချင်းပြည်နယ်

ဇန်နဝါရီ ၇ - တီးတိန်မြို့နယ်

ဇန်နဝါရီ ၈ - ဖလမ်းမြို့နယ်

ဇန်နဝါရီ ၈/၉ - ဟားခါးမြို့နယ်

စစ်ကိုင်းတိုင်း

ဇန်နဝါရီ ၁၀ - ကလေးမြို့နယ်၊ ကလေးမြို့

ကရင်ပြည်နယ်

ဇန်နဝါရီ ၁၈ - ဖားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်

ဇန်နဝါရီ ၁၉ - လှိုင်းဘွဲ့မြို့နယ်၊ ကပ်ပလီရွာ

ရှမ်းပြည်နယ်

ဇန်နဝါရီ ၂၄ - ကလောမြို့နယ်၊ ဟဲဟိုး

ဇန်နဝါရီ ၂၅/၂၆ - နမ့်စမ်မြို့နယ်၊ မွန်းနိုင်မြို့နယ်၊ လင်းခေးမြို့နယ်

ဇန်နဝါရီ ၂၆ - တောင်ကြီးမြို့နယ်

ဒေါ်အောင်ဆန်းစုကြည်သည် ဟောပြောရာနေရာများတွင်များပြားလှသော သူမအားထောက်ခံသူများနှင့်တွေ့ဆုံခဲ့ကာ ထောက်ခံသူများသည် အကြိမ်တော်တော်များများတွင် သောင်းချီ၍ရှိခဲ့ပါသည်။

လူ့အခွင့်အရေး

သာမန်အကျဉ်းသားများလွတ်မြောက်လာ၊ နိုင်ငံရေးအကျဉ်းသားများအကျဉ်းထောင်ထဲတွင်ရှိနေဆဲ

ဇန်နဝါရီလတွင် ၂၀၁၃ခုနှစ် နှစ်ကုန်၌နိုင်ငံရေးအကျဉ်းသားအားလုံးအား လွတ်ပေးမည်ဟုသမ္မတဦးသိန်းစိန်မှကတိပေးထားခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသားများမှာအကျဉ်းထောင်များထဲတွင်ရှိနေဆဲပင်ဖြစ်ပါသည်။ ဇန်နဝါရီလ ၂ ရက်နေ့တွင်သမ္မတဦးသိန်းစိန်က အမိန့်ထုတ်ပြန်ကာသေဒဏ်ကျအကျဉ်းသားများအား တသက်တကျွန်းအပစ်ဒဏ်သို့ပြောင်းလဲလျော့ပေါ့ပေးခဲ့ကာ အခြားအလားတူအကျဉ်းသားများ၏ ထောင်ဒဏ်များကိုလည်း ၆၆ နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ်လျော့ပေါ့ပေးခဲ့သည်။ အမိန့်၏ရလဒ်အနေဖြင့်ဇန်နဝါရီလ ၃ ရက်နေ့တွင် အစိုးရသည်အကျဉ်းသား ၁၃၂၇၄ ဦးအားတနိုင်ငံလုံးရှိအကျဉ်းထောင်များမှ လွတ်ပေးခဲ့သည်။ သို့သော်လည်း ယခင်အမြောက်အများလွတ်ပေးစဉ်တုန်းကလိုပင် လွတ်မြောက်လာသူအားလုံးနီးပါးတို့မှာ သာမန်ရာဇဝတ်အကျဉ်းသားများသာဖြစ်ကြကာ လွတ်မြောက်လာသူများမှသုံးဦး (၀.၀၂%) သာလျှင်နိုင်ငံရေးအကျဉ်းသားများဖြစ်ကြသည်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) ၏အဆိုအရ နိုင်ငံရေးနှင့်ရာဇဝတ်မှုဆိုင်ရာရောထွေးစွပ်စွဲခြင်းများဖြင့်ရင်ဆိုင်နေကြရသော နိုင်ငံရေးအကျဉ်းသား ၄၀ ကျော်တို့သည် မြန်မာနိုင်ငံတွင်ထောင်ဒဏ်ကျခံနေရဆဲဖြစ်ပါသည်။ AAPP က မြေယာသိမ်းဆည်းခံရခြင်းအတွက်ဆန္ဒပြခဲ့ကြသည့် လယ်သမားများအပါအဝင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူ ၁၀၀ ခန့်တို့သည် တရားရင်ဆိုင်ရန်စောင့်နေကြရဆဲဖြစ်သည်ဟုလည်းပြောကြားလိုက်သည်။

ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေဖြင့်နောက်ထပ်တရားစွဲဆို

ဇန်နဝါရီလတွင် အစိုးရကငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေဖြင့် တက်ကြွလှုပ်ရှားသူ လေးဦးအားတရားစွဲဆိုခဲ့သည်။

- **ဇန်နဝါရီ ၄** - ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေတို့အား ပြင်ဆင်ရန်အတွက်တကိုယ်တော်တောင်းဆိုဆန္ဒပြခဲ့သည့်အတွက် ဒေသခံ NLD အဖွဲ့ဝင် ဦးသာချို (ဦးကျော်မိုးဇော်)အားတရားစွဲဆိုသွားမည်ဟု နေပြည်တော်ပျဉ်းမနားမြို့နယ်မှ ရဲများကပြောကြားခဲ့သည်။ ထို့နောက်သူ့အားတရားစွဲဆိုကာ အာမခံဖြင့်ပြန်လွှတ်ပေးခဲ့သည်။
- **ဇန်နဝါရီ ၈** - ကျန်ရှိနေသည့်နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန်တောင်းဆိုသည့်အနေဖြင့် မကွေးတိုင်းချောက်မြို့နယ်မှ ရခိုင်ပြည်နယ်စစ်တွေသို့လမ်းလျှောက်ရန်စတင်ခဲ့သည့်အတွက် ဗုဒ္ဓဘာသာဘုန်းတော်ကြီးဦးရက္ခဝံသအား မကွေးတိုင်းမကွေးမြို့မှရဲများက တရားစွဲဆိုလိုက်သည်။
- **ဇန်နဝါရီ ၂၀** - မြေယာသိမ်းယူမှုများနှင့်ပတ်သက်၍ ရန်ကုန်မြို့တွင်ဆန္ဒပြပွဲပြုလုပ်ရန်စည်းရုံးခဲ့သည့်အတွက် ဒေသခံ NGO တခုဖြစ်သော မြန်မာ့လူမှုဖွံ့ဖြိုးရေးကွန်ယက်မှ တက်ကြွလှုပ်ရှားသူကိုနေမျိုးဇင်နှင့်ကိုဝင်းချိုတို့အား ရန်ကုန်မြို့ကျောက်တံတားမြို့နယ်မှရဲများက တရားစွဲဆိုခဲ့သည်ဟုသတင်းများရရှိခဲ့သည်။ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံအနှံ့မှလယ်သမား ၅၀၀ ခန့်တို့သည် ယခင်စစ်အစိုးရမှသိမ်းယူထားသော လယ်မြေများအားပြန်ပေးရန်ရန်ကုန်မြို့မှဆန္ဒပြပွဲအတွင်း တောင်းဆိုလိုက်သည်။

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများဆက်လက်ဖြစ်ပွား

ဇန်နဝါရီလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ် (WLB) က "အရေးယူမှုကင်းလွတ်ခြင်းနှင့်မပြောင်းလဲသေးသည့်စနစ်" အမည်ရှိအစီရင်ခံစာ တစောင်ကိုထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာသည် ၂၀၁၀ ရွေးကောက်ပွဲမှ ၂၀၁၃ အောက်တိုဘာလအထိတွင် အမျိုးသမီးများအပေါ်အစိုးရတပ်မှ စစ်သားများကကျူးလွန်သည့်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်မုဒိမ်းမှု ၁၀၀ ကျော်တို့အားအသေးစိတ်ဖော်ပြထားကာ အစိုးရတပ်များမှအဓမ္မပြုကျင့်မှုကို စစ်၏လက်နက်သဖွယ်အသုံးပြုနေမှုကို အထောက်အထားပြမှတ်တမ်းတင်ထားခြင်းဖြစ်ပြီး အားလုံးနီးပါးမှာတိုင်းရင်းသားဒေသများတွင်ဖြစ်ပါသည်။

လိင်အကြမ်းဖက်မှုပြဿနာတော်တော်များများသည် ရှမ်းပြည်နယ်မြောက်ပိုင်း (၂၀၁၁ ခုမတ်လကတည်းက) နှင့် ကချင်ပြည်နယ် (၂၀၁၁ ခုဇွန်လကတည်းက) တို့တွင်ဖြစ်ပွားခဲ့သော အစိုးရ၏ထိုးစစ်များနှင့်ချိတ်ဆက်နေသည်။ [*မြန်မာပြည်နောက်ဆုံးသတင်း - ပြင်းထန်သောရာဇဝတ်မှုများဆက်လက်ဖြစ်ပွား၊ ၂၀၁၃ခုစက်တင်ဘာလမှတ်တမ်းကို* တွင်ကြည့်ပါ။] ဇန်နဝါရီလတွင် အစိုးရတပ်မှစစ်သားများပါဝင်ပတ်သက်နေသော မုဒိမ်းမှုနှင့်လိင်ပိုင်းဆိုင်ရာအကြမ်းမှုသတင်းများပိုမိုရရှိခဲ့သည်။

- **ဇန်နဝါရီ ၂** - မွန်ပြည်နယ်ရေးမြို့နယ်ကွမ်းညှယ်ရွာမှ ၁၃ နှစ်အရွယ်မွန်မိန်းကလေးတဦးအားမုဒိမ်းပြုကျင့်ခဲ့မှုကို မတိုင်ကြားနိုင်ရန်အတွက် ထိုမိန်းကလေး၏မိသားစုများအားခြိမ်းခြောက်ခြင်း၊ ငွေ ၅သိန်းကျပ် (အမေရိကန်ဒေါ်လာ ၅၀၇ ဒေါ်လာ) ပေးခြင်း စသည်တို့ဖြင့်ဖုံးအုပ်အမှုဖျောက်ရန် ခလရ ၃၁ မှတပ်ရင်းမှူးကကြိုးစားခဲ့သည်။
- **ဇန်နဝါရီ ၈** - ခလရ ၂၉၈ မှအစိုးရစစ်သားများသည် ကချင်ပြည်နယ်မြစ်ကြီးနားမြို့အနီး မြစ်ကြီးနား-ဆွမ်ပရာဘုံကားလမ်းပေါ်တွင် ဘတ်စ်ကားပေါ်မှကချင်အမျိုးသမီးတဦးအားဆွဲချကာ အုပ်စုလိုက်အဓမ္မပြုကျင့်ခဲ့ကြသည်။

- **ဇန်နဝါရီ ၁၃** - ရိုဟင်ဂျာဆန့်ကျင်ရေးအကြမ်းဖက်မှုအတွင်း ရခိုင်ပြည်နယ်မောင်တောမြို့နယ်ဒူးချီးယားတန်းကျေးရွာတွင် အမျိုးသမီးတဦးအားရဲမှလိင်ပိုင်းဆိုင်ရာစော်ကားချသတ်ဖြတ်ခဲ့ကြသည်။ [အထက်မှ *ရိုဟင်ဂျာဆန့်ကျင်ရေးအကြမ်းဖက်မှုများရခိုင်ပြည်နယ်တွင်ဆက်လက်ဖြစ်ပွား* တွင်ကြည့်ပါ။]
- **ဇန်နဝါရီ ၂၅** - မွန်ပြည်နယ်သံဖြူဇရပ်မြို့နယ်တွင် အသက် ၄၃ နှစ်အရွယ်မွန်အမျိုးသမီးတဦးအား အစိုးရစစ်တပ်တပ်ရင်း ၃၁၅ မှစစ်သားများက ရိုက်နှက်၍မုဒိမ်းကျင့်ရန်ကြိုးစားခဲ့သည့်အတွက်ရရှိခဲ့သော ဒါဏ်ရာများကြောင့်ဆေးရုံသို့တင်ပို့ခဲ့ရသည်။

ကလေးစစ်သားများအားလွှတ်ပေး၊ တဦးမှာတပ်ပြေးမှုနှင့်ထောင်ချခံရ

ဇန်နဝါရီလ ၁၈ ရက်နေ့တွင် အစိုးရတပ်မတော်သည် ရန်ကုန်တိုင်းလှိုင်မြို့နယ်တွင်ပြုလုပ်သော အခမ်းအနားတခုအတွင်း ကလေးစစ်သား ၉၆ ဦးအားသူတို့၏မိသားစုများထံသို့ပြန်လည်လွှဲပြောင်းပေးခဲ့သည်။ သို့သော်လည်း ကလေးစစ်သားအားလုံးအား လွှတ်ပေးခြင်းတော့မဟုတ်ပေ။ ILO ၏အကာအကွယ်ပေးမှုအောက်တွင် ရှိနေပြီးတာဝန်ထမ်းဆောင်နေရခြင်းမှ လွှတ်ပေးသင့်သောကလေးစစ်သားတဦးအား ဇန်နဝါရီလ ၇ ရက်နေ့တွင် စစ်ခုံရုံးက သူ၏တပ်မှတပ်ပြေးသဖြင့်ဟုဆိုကာ ထောင်ဒါဏ်တနှစ်ချမှတ်ခဲ့သည်ဟု ပုသိမ်အခြေဆိုက်လူ့အခွင့်အရေးစောင့်ကြည့်ရေးနှင့်ကာကွယ်ရေးကွန်ယက် (HRWDN) မှ ဇန်နဝါရီလ ၂၂ ရက်နေ့တွင်ပြောကြားသည်။

အိုးအိမ်မှဖယ်ရှားခံရခြင်းများ

ဘင်္ဂလားဒေ့ရှ်နှင့်ထိုင်းနိုင်ငံတို့ကပြန်မောင်းထုတ်၊ ဝင်ရောက်လာသောရိုဟင်ဂျာဒုက္ခသည်များ

မြန်မာနိုင်ငံ၏အိမ်နီးချင်းများသည် ထွက်ပြေးလာသောရိုဟင်ဂျာများအား ခိုလှုံခွင့်ပေးရန်ပျက်ကွက်နေဆဲဖြစ်သည်။ ဇန်နဝါရီလတွင် ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များသည် ဘင်္ဂလားဒေ့ရှ်သို့ထွက်ပြေးရန်ကြိုးပမ်းခဲ့သောရိုဟင်ဂျာများအားပြန်လည်မောင်းထုတ်နေဆဲသည်။

- **ဇန်နဝါရီ ၂** - နိုင်တောင်ပါရာဂိတ်ပေါက်တွင် လှေဖြင့်နတ်မြစ်အားဖြတ်ကျော်ဝင်ရောက်လာသည့် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၅ ဦးနှင့်ကလေး ၃ ဦးတို့ပါဝင်သော ရိုဟင်ဂျာ ၂၁ ဦးအားဒမ်ဒမ်မီးအခြေဆိုက် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် (BGB) မှတပ်ဖွဲ့ဝင်များက ဖမ်းဆီးကာပြန်လည်မောင်းထုတ်ခဲ့သည်။
- **ဇန်နဝါရီ ၃** - ဘင်္ဂလားဒေ့ရှ်နိုင်ငံနာယာပါရာဂိတ်ပေါက်မှ ဝင်ရောက်လာခဲ့သောရိုဟင်ဂျာ ၈ ဦးအား တက်ခနက်အခြေဆိုက် BGB တပ်ရင်း ၄၂ မှတပ်ဖွဲ့ဝင်များက ပြန်လည်မောင်းထုတ်ခဲ့သည်။
- **ဇန်နဝါရီ ၁၁** - နတ်မြစ်အားဖြတ်ကျော်ဝင်ရောက်လာသော ရိုဟင်ဂျာ ၈၂ ဦးအား တက်ခနက်အခြေဆိုက် BGB တပ်ရင်း ၄၂ မှတပ်ဖွဲ့ဝင်များက ပြန်လည်မောင်းထုတ်ခဲ့သည်။

ထိုင်းနိုင်ငံတွင်ရောက်ရှိနေသော ထွက်ပြေးလာခဲ့ကြသည့် ရိုဟင်ဂျာများသည် လူကုန်ကူးသူများ၏ လွယ်ကူသောသားကောင်များအဖြစ် ဆက်လက်ဖြစ်နေရဆဲဖြစ်ပါသည်။ ဇန်နဝါရီလ ၇ ရက်နေ့တွင်လူကုန်ကူးသူများသည် ထိုင်းနိုင်ငံဖန်ငခရိုင် ခေါ်င်လတ်ရှိမိသားစုခိုလှုံရာများမှ ရိုဟင်ဂျာအမျိုးသမီးနှင့်ကလေး ၁၃ ဦးအား လူကုန်ကူးခြင်းပြုလုပ်ခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး

မြန်မာနိုင်ငံက ရိုဟင်ဂျာ၊ ထိုင်း နှင့် ကမ္ဘောဒီးယား ကိစ္စများအားမဆွေးနွေးရန်အာဆီယံအားတားမြစ်

မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ်တွင်အာဆီယံဥက္ကဋ္ဌအခန်းကဏ္ဍသည် အာဆီယံ၏အဓိကနိုင်ငံရေးကိစ္စများအားဆွေးနွေးခြင်းကိုတားဆီးရန် ပိုမိုအလေးပေးထားပုံရပါသည်။

ဇန်နဝါရီလ ၁၆ ရက်နေ့ မန္တလေးတိုင်း၊ပုဂံမှအာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ပထမရက်အတွင်း မြန်မာနိုင်ငံမှဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေစဉ်တွင် အာဆီယံသည်တောင်တရုတ်ပင်လယ်ကိစ္စကိုဆွေးနွေးနေစဉ်၌ ထိုင်းနိုင်ငံမှနိုင်ငံရေးမငြိမ်သက်မှု၊ ကမ္ဘောဒီးယားနိုင်ငံမှဆန္ဒပြသူအရပ်သားများအားဖြိုခွဲမှု၊ မြန်မာနိုင်ငံ၏ရိုဟင်ဂျာကိစ္စသည် တို့အပါအဝင်အခြားကိစ္စများအား ဆွေးနွေးမှုမှဖယ်ထားမည်ဖြစ်ကြောင်းမြန်မာအစိုးရမှညွှန်ကြားခဲ့သည်။ [အထက်မှ *ရိုဟင်ဂျာဆန့်ကျင်ရေးအကြမ်းဖက်မှုများရခိုင်ပြည်နယ်တွင်ဆက်လက်ဖြစ်ပွား* တွင်ကြည့်ပါ။]

ဇန်နဝါရီလ ၁၇ ရက် အစည်းအဝေးအပြီးတွင် သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွတ်က မြန်မာနိုင်ငံမှရိုဟင်ဂျာများနှင့်ပတ်သက်သော မေးခွန်းအားရည်ညွှန်းကာ "ဘင်္ဂါလီကိစ္စသည်မိမိတို့၏ပြည်တွင်းရေးပြဿနာသာဖြစ်သည်" ဟုပြောကြားလိုက်ပြီး "အဖွဲ့ဝင်နိုင်ငံများမှတိုက်တွန်းခဲ့လျှင်ပင်" ထိုကိစ္စအားအာဆီယံအစည်းအဝေးတွင် ဆွေးနွေးမည်မဟုတ်ဟုအခိုင်အမာပြောကြားခဲ့သည်။ သို့သော်လည်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးမာတီနာတာလီဂါဝါက မြန်မာနိုင်ငံမှ ရိုဟင်ဂျာကိစ္စသည် ပြည်တွင်းရေးဖြစ်ကောင်းဖြစ်နိုင်သော်လည်း ၎င်းကိစ္စသည်ဒေသတွင်း၌ရိုက်ခတ်မှုများရှိနေဆဲဖြစ်သည်ဟု ဒေသတွင်း၌စိုးရိမ်ပူပန်မှုများကိုဖြစ်ပေါ်စေသည့် မြန်မာနိုင်ငံမှမွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများ၏တွန်းအားကြောင့်ပေါ်ပေါက်လာသည့် အင်ဒိုနီးရှားမှ "အကြမ်းဖက်လှုပ်ရှားမှုပြဿနာများ" အားဖော်ပြပြီးပြောဆိုလိုက်သည်။

စီးပွားရေး

"ဖိနှိပ်သော" စီးပွားရေး၊ "အန္တရာယ်အလွန်အကျွံရှိသော" ဈေးကွက်

မြန်မာနိုင်ငံ၏နိုင်ငံရေးနှင့်စီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် အချို့နေရာများ၌ ချီးကျူးဖွယ်ရာဖြစ်နေသော်လည်း မြန်မာနိုင်ငံ၏စီးပွားရေးသည် ကမ္ဘာ့အန္တရာယ်ရှိမှုအစီရင်ခံစာတွင် အဆင့်နိမ့်နေဆဲပင်ဖြစ်ပါသည်။

- **ဇန်နဝါရီ ၈** - UK အခြေစိုက် ကမ္ဘာ့အန္တရာယ်ရှိမှုအားသုတေသနပြုလုပ်သည့်ကုမ္ပဏီဖြစ်သည့် Maplecroft ကသူတို့၏ "ဥပဒေရေးရာနှင့်ထိန်းညှိမှုရှိသောသဘာဝပတ်ဝန်းကျင်ဆိုင်ရာအန္တရာယ်အညွှန်း-၂၀၁၄ခု (LRERA)" ကိုထုတ်ပြန်ခဲ့သည်။ ထိုစမ်းစစ်လေ့လာမှုကမြန်မာနိုင်ငံသည် စမ်းစစ်လေ့လာမှုပြုခဲ့သောနိုင်ငံ ၁၇၃ နိုင်ငံထဲတွင် ရင်းနှီးမြုပ်နှံသူများအတွက်ရှိလာနိုင်သည့် အန္တရာယ်များရှု့ထောင့်မှဆိုလျှင် ပဉ္စမ "အန္တရာယ်အလွန်အကျွံအရှိဆုံး" နိုင်ငံဖြစ်သည်ဟု အဆင့်သတ်မှတ်ခဲ့သည်။
- **ဇန်နဝါရီ ၁၄** - အမေရိကန် Heritage ဖောင်ဒေးရှင်းမှ ၎င်းတို့၏ ၂၀၁၄ခုနှစ်စီးပွားရေးလွတ်လပ်မှုအညွှန်း ကိုထုတ်ပြန်ခဲ့သည်။ စမ်းစစ်လေ့လာမှုပြုခဲ့သောနိုင်ငံ ၁၇၈ နိုင်ငံအနက် မြန်မာနိုင်ငံသည် ဖိနှိပ်သောစီးပွားရေးခေါင်းစဉ်အောက်သို့ တိုက်ရိုက်ရောက်ရှိသွားကာ စီးပွားရေးလွတ်လပ်မှုအနည်းဆုံးအဖြစ် အဆင့် ၁၆၂ ရှိသည်ဟု ထိုစမ်းစစ်လေ့လာမှုက သတ်မှတ်ခဲ့သည်။

IMF ၏မြန်မာနိုင်ငံသို့သွားရောက်သောအဖွဲ့က အစိုးရအားအကောင်းမြင်မှုများရောသတိပေးမှုများပါချန်ထားပေးခဲ့

ဇန်နဝါရီလ ၉ ရက်နေ့တွင် အစိုးရ၏စီးပွားရေးပြုပြင်ပြောင်းလဲရေးအစီအစဉ်များအပေါ် IMF ၏ ၁၂ လစောင့်ကြည့်ရေးကို နောက်ဆုံးအဖြစ်ပြန်လည်သုံးသပ်မှုအားအပြီးသတ်ရန်အတွက် ၁၂ ရက်တာခရီးစဉ်အဖြစ် IMF အဖွဲ့တဖွဲ့သည်မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့သည်။ ထိုလုပ်ငန်းစဉ်အပြီးတွင် မြန်မာနိုင်ငံ၏ GDP သည် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်တွင် ၇.၅% တက်လာနိုင်ကာ ၂၀၁၄-၁၅ တွင် ၇.၇၅% အထိတက်လာနိုင်သည်ဟု ခန့်မှန်းထားသောကြေငြာချက်တစောင်ကိုထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံစီးပွားရေးအပေါ်တွင် အကောင်းမြင်မှုများရှိခဲ့သော်လည်း IMF သည်အောက်ပါတို့အပါအဝင် စိတ်ပူပင်မှုတော်တော်များများကိုလည်း ပြောကြားသွားခဲ့သည်။

- ငွေဖောင်းပွမှုမြင့်တက်လာခြင်း - ငွေကြေးပံ့ပိုးမှု money supply ၏ဖိအား၊ ကြွေးမြီမြင့်တက်လာခြင်း၊ ငွေလဲလှယ်မှုတန်ဖိုးကျလာခြင်းနှင့်ဖြစ်နိုင်ချေရှိသော လျှပ်စစ်မီတာခများမြင့်တက်လာနိုင်ခြင်းတို့ကြောင့် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်

ကုန်တွင် ၆% သို့ရောက်ရှိလာနိုင်ပြီး ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်တလျှောက်လုံး မြင့်တက်နေနိုင်သည်ဟု ခန့်မှန်းထား သည်။

- ငွေကြေးကဏ္ဍဖွံ့ဖြိုးမှုအား ကြီးကြပ်ရန်နှင့်ထိန်းညှိရန်စွမ်းရည်မရှိခြင်း။
- အခွန်ဆိုင်ရာလိုက်နာမှုအကန့်အသတ်များကြောင့် အခွန်ဘဏ္ဍာငွေနည်းပါးကာ အခွန်ကောက်ယူနိုင်မှုနယ်ပယ်ကျဉ်း မြောင်းသွားခြင်း။

ဇန်နဝါရီလအတွင်းမြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ

၁	ဒေါ်အောင်ဆန်းစုကြည်က မြစ်ဆုံရေကာတာစီမံကိန်းအတွက် အစိုးရမှတာဝန်ယူရမည်ဖြစ်ကာ ထိုစီမံကိန်းနှင့်ပတ်သက် ၍ ဆုံးဖြတ်ချက်ရှိရှိ၊ မှန်မှန်ကန်ကန်ကိုင်တွယ်ရမည်ဟု ပြောကြားလိုက်သည်။
၂	၎င်းတို့အုပ်ချုပ်စဉ်အတွင်းက နိုင်ငံရေးအကျဉ်းသားများနှင့်ပတ်သက်၍ကျူးလွန်ခဲ့သော ရက်စက်မှုများအတွက် တာဝန်ယူ ပေးပါရန် ယခင်စစ်အစိုးရခေါင်းဆောင်များအား ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က တောင်းဆိုလိုက်သည်။
၃	သမ္မတဦးသိန်းစိန်နှင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့သည် တနိုင်ငံလုံးအပစ်အခတ်ရပ် စဲရေးလုပ်ငန်းစဉ်များနှင့်အနာဂတ်နိုင်ငံရေးဆွေးနွေးပွဲများတို့နှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန်အတွက် KNU ဥက္ကဋ္ဌဗိုလ်ချုပ် ကြီးမူတူးဆေးဖိုးဦးဆောင်သော KNU အဖွဲ့နှင့်နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။
၅	Eleven Daily သတင်းထောက်နော်ခိုင်ခိုင်အေး ခေါ် မခိုင်အားဖမ်းဆီးမှုအား ဆန့်ကျင်ဆန္ဒပြရန် သတင်းထောက်များနှင့် တက်ကြွလှုပ်ရှားသူများအား မန္တလေးမှဒေသခံရဲများကခွင့်မပြုခဲ့ပါ။
၆	အစိုးရနှင့်တိုင်းရင်းသားလူနည်းစုများအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ တိုးတက်မှုအခြေအနေများအရ နောက်ထပ် ၅ နှစ် စာအတွက် ၁၀ ဘီလီယံယမ်း (အမေရိကန်ဒေါ်လာ ၉၈ သန်း)အထိ မြန်မာနိုင်ငံကိုပေးအပ်သွားမည့် အစီအစဉ်ကိုဂျပန် ကကြေငြာလိုက်သည်။
၇	သတင်းထောက်နှင့်တက်ကြွလှုပ်ရှားသူ ၁၅၀ ခန့်တို့သည် ရန်ကုန်မြို့တွင်ဆန္ဒပြခဲ့ကြကာ သတင်းမီဒီယာလွတ်လပ်ခွင့် အား ခြိမ်းခြောက်မှုများကိုရှုံ့ချလိုက်ပြီး Eleven Media အုပ်စုမှသတင်းထောက်မခိုင်အား ပြန်လွှတ်ပေးပါရန်တောင်းဆို လိုက်သည်။
၈	ကချင်ဖွံ့ဖြိုးရေးကွန်ယက်အုပ်စုက ကြေငြာချက်တစောင်ထုတ်ပြန်ကာ ပြီးခဲ့သည့်လကထုတ်ပြန်ခဲ့သော တရုတ်အစိုးရပိုင် တရုတ်စွမ်းအင်ရင်းနှီးမြုပ်နှံမှု CPI ကုမ္ပဏီ၏ "ရေဝတီရေကာတာကော်ပိုရိတ်တာဝန်ရှိမှုအစီရင်ခံစာ" ကိုဝေဖန်လိုက် သည်။
၉	မြန်မာနိုင်ငံသို့လာရောက်သည့် IMF အဖွဲ့သည် ၁၂ ရက်တာခရီးစဉ်ကိုစတင်လိုက်သည်။
၁၀	မြန်မာနိုင်ငံတရားစီရင်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌဦးအောင်ကိုက တရားစီရင်ရေးလုပ်ငန်းများခြစားမှုနှင့်သက်ဆိုင်သည့် တိုင်ကြားမှုများသည် ကော်မတီကလက်ခံရရှိသောတိုင်ကြားစာ တသောင်း၏ ၉၀%ဖြစ်နေသည်ဟု ပြောကြားလိုက်သည်။
၁၀	စစ်ကိုင်းတိုင်းဆားလင်းကြီးမြို့နယ်မှဒေသခံများသည် ကြေးစင်တောင်နှင့်စပယ်တောင်ကြေးနီမိုင်းစီမံကိန်းအတွက် သိမ်း ယူခြင်းခံလိုက်ရသည့်သူတို့၏မြေများအတွက် တရားမျှတသောလျော်ကြေးများတောင်းဆိုရန် ဆန္ဒပြမှုတခုကိုပြုလုပ်ခဲ့ကြ သည်။
၁၀	ဖွံ့ဖြိုးမှုအတွက်အမျိုးသားဒီမိုကရက်တစ်ပါတီနှင့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီတို့သည် သတင်းစာရှင်းလင်းပွဲများပြု လုပ်ကာ ရခိုင်ပြည်နယ်ရှိသူတို့၏မဲဆန္ဒနယ်မှမွတ်စလင်များအား သန်းခေါင်စာရင်းကောက်ယူရာတွင် ရိုဟင်ဂျာအဖြစ်စာ ရင်းသွင်းပေးပါရန် အစိုးရအားတောင်းဆိုလိုက်သည်။
၁၀	အစိုးရပိုင် New Light of Myanmar သတင်းစာက အမျိုးသားလွှတ်တော်မှစစ်တပ်ကိုယ်စားလှယ် ၃ ဦးနှင့်ပြည်သူ့လွှတ် တော်မှစစ်တပ်ကိုယ်စားလှယ် ၄ ဦးအားလဲလှယ်ခြင်းကို ကြေငြာခဲ့သည်။ ၎င်းတို့အနက် ၂ ဦးမှာပထမဦးဆုံးအမည်စာရင်း တင်သွင်းခြင်းခံရသော အမျိုးသမီးအရာရှိနှစ်ဦးဖြစ်သည်။
၁၂	တနင်္သာရီတိုင်းထားဝယ်မြို့နယ်လွတ်လွတ်ကျေးရွာတွင် ၅၀ မီဂါဝပ်ကျောက်မီးသွေးသုံးဓါတ်အားပေးစက်ရုံဆောက်လုပ် ရန်အစီအစဉ်ကို ကန့်ကွက်သည့်ဆန္ဒပြပွဲတခုကိုထားဝယ်မြို့နယ် သမုတ်ကျေးရွာမှဒေသခံရွာသား ၁၀၀ ခန့်မှပြုလုပ်ခဲ့ကြ သည်။
၁၃	အစိုးရဘဏ္ဍာရေးဝန်ကြီးဦးဝင်းရှိန်က မြန်မာ့တံဆိပ်ခေါင်းဥပဒေ၊ မြန်မာ့သွင်းကုန်ထုတ်ကုန်ခွန်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေနှင့် ရုံးခွန်ဥပဒေများအားပြင်ဆင်ရန်အတွက် ဥပဒေကြမ်းများကိုတင်ပြခဲ့သည်။
၁၃	အစိုးရ၏ရွေးကော်ပွဲကော်မရှင်က ရခိုင်အမျိုးသားဖွံ့ဖြိုးရေးပါတီနှင့်ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်တို့အကြား ပေါင်းစည်းထား သည့် ရခိုင်အမျိုးသားပါတီအားမှတ်ပုံတင်ခွင့်ပြုလိုက်သည်။
၁၄	အမျိုးသားလွှတ်တော်က ရခိုင်ပြည်နယ်တရားသူကြီးချုပ်နှင့် လျှပ်စစ်စွမ်းအားဒုဝန်ကြီးတို့အား ခန့်အပ်ခြင်းကိုအတည်ပြု ပေးခဲ့သည်။

၁၄	အမျိုးသားလွှတ်တော်က ဦးစိုးသာမှဥက္ကဌအဖြစ်လည်းကောင်း၊ ဦးမျိုးမြင့်နှင့်ဦးအေးမောက်မှအတွင်းရေးမှူးများအဖြစ်လည်းကောင်းပါဝင်သော ပူးတွဲစီမံကိန်းနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးမှုကော်မတီဖွဲ့စည်းခြင်းကို အတည်ပြုပေးခဲ့သည်။
၁၄	သမ္မတဦးသိန်းစိန်က မြန်မာနိုင်ငံတွင်အာဆီယံအစည်းအဝေးများကျင်းပရန်ပြင်ဆင်ခြင်း၊ ဒေသတွင်းငြိမ်းချမ်းရေးသဘောတူညီချက်များအတွက်မြန်မာနိုင်ငံ၏မျှော်လင့်ချက်နှင့် ၂၀၁၅အာဆီယံလူ့အဖွဲ့အစည်းအတွက်ပြင်ဆင်မှုများအားဆွေးနွေးနိုင်ရန်အတွက် အာဆီယံအထွေထွေအတွင်းရေးမှူးလီလျောင်မင်း Le Luong Minh နှင့်နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။
၁၆	ရခိုင်ပြည်နယ်ပေါက်တောမြို့နယ်မုရိုဟင်ဂျာ IDP စခန်းတခုတွင် မီးလောင်မှုကြောင့် အနည်းဆုံးအဆောက်အဦး ၃၉ လုံး၊ အဆောင် ၃၄ ခုနှင့်စာသင်ကျောင်း ၂ ခုပျက်စီးသွားခဲ့သည်။
၁၇	အမျိုးသားလွှတ်တော်က ဥပဒေကြမ်းများအတည်ပြုရာတွင်အသုံးပြုသော ဆန္ဒပေးခြင်းနည်းလမ်းကိုအမျိုးသားလွှတ်တော်ဥက္ကဌမှရွေးချယ်နိုင်ရန်ခွင့်ပြုထားသည့် အမျိုးသားလွှတ်တော်ဥပဒေကိုပြင်ဆင်မှုအားအတည်ပြုပေးခဲ့သည်။ (မတ်တပ်ရပ်လက်ထောင်၍မဲဆန္ဒပေးခြင်း သို့မဟုတ် ကွန်ပျူတာကိုအသုံးပြု၍မဲဆန္ဒပေးခြင်း)
၁၇	အမေရိကန်သမ္မတဘားရက်အိုဘားမားက သုံးစွဲမှုဆိုင်ရာဥပဒေအားလက်မှတ်ထိုးလိုက်ကာ ထိုဥပဒေတွင် ဘတ်ဂျက်ကိုလက်ခံသုံးစွဲနိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင်းဋ်း၏လူ့အခွင့်အရေးမှတ်တမ်းအားတိုးတက်အောင်လုပ်ဆောင်ရန်နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ရန် လိုအပ်ပါသည်ဟု မြန်မာနိုင်ငံအားအမေရိကန်စီးပွားရေးထောက်ပံ့မှုရံပုံငွေမှတဆင့်အကူအညီပေးရေးအစီအစဉ်အတွက် အခြေအနေများကိုထည့်သွင်းထားသည်။
၁၇	အမျိုးသားလွှတ်တော်မှ မြန်မာ-အိန္ဒိယနယ်ခြားဆိုင်ရာ သဘောတူညီချက်အတွက် နားလည်မှုစာချွန်လွှာကို ကန့်ကွက်မည့်သူမရှိပဲအားလုံးသဘောတူညီချက်ဖြင့် အတည်ပြုပေးခဲ့သည်။
၂၀	ကချင်ပြည်နယ်မန်စီမြို့နယ်မိုင်းခေါင်ဒုက္ခသည်စခန်းမှ ဆေးမှူးတဦးက ယခုလအစပိုင်းတွင် ကလေး ၅၀ ကျော်ခန့်တို့အထက်လှန်အောက်လျှောဝမ်းရောဂါဖြစ်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်ဟု ပြောကြားခဲ့သည်။
၂၁	မြန်မာ့မြစ်များဆိုင်ရာကွန်ယက်မှ သဘာဝပတ်ဝန်းကျင်ရေးရာလှုပ်ရှားသူများသည် အေးရှားဝေါလ်၊ IGE၊ ရွှေတောင်ကုမ္ပဏီတို့နှင့် တရုတ်၊ ထိုင်းကုမ္ပဏီများပူးတွဲ၍သံလွင်မြစ်ပေါ်တွင်ပြုလုပ်ရန်စီစဉ်ထားသော ရေကာတာစီမံကိန်း ၆ ခုတို့အားဆန့်ကျင်ခဲ့ကြသည်။
၂၁	HRW မှငင်းတို့၏ ၂၀၁၄ခုကမ္ဘာ့အစီရင်ခံစာ World Report 2014 ကိုထုတ်ပြန်ခဲ့ကာ မြန်မာနိုင်ငံမှဘာသာရေးနှင့်တိုင်းရင်းသားလူနည်းစုများအား အကာအကွယ်ပေးပါရန်အစိုးရအားတောင်းဆိုလိုက်ပြီး မြန်မာနိုင်ငံမှပြုပြင်ပြောင်းလဲမှုများမှာအကောင်အထည်ဖော်နေပြီဖြစ်သည်ဟု နိုင်ငံတကာအသိုင်းအဝိုင်းမှယုံကြည်နေခြင်းကိုလည်း သတိပေးထားသည်။
၂၃	ပြည်သူ့လွှတ်တော်ဥက္ကဌဦးရွှေမန်းက နေပြည်တော်တွင် သတင်းထောက်များအား ဒေါ်အောင်ဆန်းစုကြည်သမ္မတဖြစ်လာမည်ကို သူမနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ကြိုဆိုမည်ဟု ပြောကြားလိုက်သည်။
၂၃	တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် UN အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေး ဗီဂျေးနမ်ဗီးယားတို့သည် နေပြည်တော်တွင်တွေ့ဆုံကာ မြန်မာနိုင်ငံ၏လူမှုလုံခြုံရေးတိုးတက်လာစေရန်အတွက် အတူတကွလုပ်ဆောင်သွားမည်ဖြစ်သည်ဟု ကတိပြုခဲ့ကြသည်။
၂၄	မြန်မာနိုင်ငံလူဦးရေ (ပြည်သူ့အင်အား) ဌာနညွှန်ကြားရေးမှူးချုပ်ဦးညီညီက နေပြည်တော်မှသတင်းစာရှင်းလင်းပွဲတခုတွင်လာမည့်သန်ခေါင်စာရင်းကောက်ယူမှု၌ လူတဦးချင်းစီတို့သည်သူတို့ကိုယ်ကိုသူတို့ ရွေးချယ်ချင်သောမည်သည့်တိုင်းရင်းသားအဖြစ်မဆို ရည်ညွှန်းနိုင်သည့် အခွင့်အရေးရှိပါလိမ့်မည်ဟု ပြောကြားလိုက်သည်။
၂၄	ကချင်မြေယာအခွင့်အရေးတက်ကြွလှုပ်ရှားသူနှင့် အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီ၏ကချင်ပြည်နယ်ခေါင်းဆောင်ဒေါ်ဘောက်ဂျာအား သူမကို ၂၀၁၃ ခုဇူလိုင်လ ၁၈ ရက်ကတည်းက ထိန်းသိမ်းထားခဲ့သော ကချင်ပြည်နယ်ဖားကန့်အကျဉ်းထောင်မှပြန်လွှတ်ပေးခဲ့သည်။
၂၆	ကမ္ဘာ့ဘဏ်အုပ်စုဥက္ကဌဂျင်မ်ယွန်းကင်မ် Jim Yong Kim က ရန်ကုန်တွင်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံတွင်လျှပ်စစ်၊ အားလုံးနှင့်ဆိုင်သောကျန်းမာရေးစောင့်ရှောက်မှု စသည်တို့ကိုရယူနိုင်စေရန်ပစ်မှတ်ထားလုပ်ဆောင်မည့် US ဒေါ်လာ ၂ ဘီလီယံပမာဏရှိ ဖွံ့ဖြိုးရေးအစီအစဉ်အားကြေငြာခဲ့သည်။
၂၇	ကရင်နီပြည်နယ်လွိုင်ကော်ခရိုင်တရားရုံးက Eleven Media အုပ်စုသတင်းထောက်မခိုင်မှ သူမ၏သုံးလထောင်ဒဏ်အားပယ်ဖျက်ပေးပါရန် အယူခံကိုပယ်ချခဲ့သည်။
၃၀	အစိုးရသည် ကာတာမှ Ooredoo နှင့် နော်ဝေးမှ Telenor တို့အား မြန်မာနိုင်ငံတွင် ပထမဆုံး ဆက်သွယ်ရေးစနစ်လုပ်ဆောင်ခွင့်လိုင်စင်များကိုချထားပေးလိုက်ခြင်းဖြင့် နောက်ဆုံး၌ဆက်သွယ်ရေးကုမ္ပဏီများအားမြန်မာနိုင်ငံတွင်လုပ်ကိုင်ရန်ခွင့်ပြုပေးလိုက်သည်။

ဇန်နဝါရီလအတွင်းမြန်မာနိုင်ငံနှင့်သက်ဆိုင်သောအစီရင်ခံစာများ

"ကမ္ဘာ့အစီရင်ခံစာ ၂၀၁၄ခု - မြန်မာနိုင်ငံ" လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ Human Rights Watch (HRW) http://bit.ly/1jxyd2K

"စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း ၂၀၁၄ - အငယ်စားနှင့်အလတ်စားလုပ်ငန်းများအတွက် စည်းမျဉ်းများကိုနားလည်ခြင်း" ကမ္ဘာ့ဘဏ်နှင့်နိုင်ငံတကာငွေကြေးကော်ပိုရေးရှင်း the World Bank and the International Finance Corporation (IFC) http://bit.ly/1fdE7nl

"မြန်မာနိုင်ငံမှမွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများနှင့်အကာအကွယ်ပေးရန်တာဝန်ရှိမှု" အကာအကွယ်ပေးရန်တာဝန်ရှိမှုအတွက်ကမ္ဘာ့စင်တာ Global Centre for the Responsibility to Protect http://bit.ly/1lG8jf3

"မြန်မာနိုင်ငံမှမီဒီယာနှင့်ပဋိပက္ခ" အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျု့ United States Institute of Peace http://bit.ly/1dl2VfF

"အရေးယူမှုကင်းလွတ်ခြင်းနှင့်မပြောင်းလဲသေးသည့်စနစ်" မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ် Women's League of Burma (WLB) http://bit.ly/1j6uThn

"တရုတ်၊အမေရိကန်နှင့်ကချင်ပဋိပက္ခ" Stimson Center http://bit.ly/1kBbIOq

"စစ်ရာဇဝတ်ကောင်များကိုလေ့ကျင့်ပေးနေခြင်းလော၊ အင်္ဂလန်မှမြန်မာစစ်တပ်အားလေ့ကျင့်ပေး" Burma Campaign UK (BCUK) http://bit.ly/1jjFpSz

"ပြုပြင်ပြောင်းလဲရေးလှိုင်းစီးခြင်း" Oxfam http://bit.ly/1ellwDt

"ဥပဒေရေးရာနှင့်ထိန်းညှိမှုရှိသောသဘာဝပတ်ဝန်းကျင်ဆိုင်ရာအန္တရာယ်အညွှန်း" Maplecroft http://bit.ly/KJwsDW

"ကမ္ဘာပေါ်မှလွတ်လပ်ခွင့် ၂၀၁၄ခု" Freedom House http://bit.ly/1eKFOpj